**Highlights from DVB Debate's Future Leadership Show**

**September 23, 2017**

**"First the Lady, who is next?"**

"အန်အယ်လ်ဒီကို အာဏာဟာကွက်၊ management crisis မရှိစေချင်ဘူး။"

ဒေါက်တာ အောင်မျိုး - တပ်မတော်သားဟောင်း၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) စီမံစီးပွားဂန်ကြီးဌာန

---

"ဒေါ်အောင်ဆန်းစုကြည် ချမှတ်ထားတဲ့ မူဂါဒတွေနဲ့ အနာဂတ် လုပ်ငန်းစဉ်တွေနဲ့ ဆက်လက်စီးဆင်း ပေါ်ပေါက်လာမှာပါပဲ။"

ဒေါက်တာ စိုးဂင်းဦး - ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်/ ဒါရိုက်တာ(The Leader Institute)

---

"ငါမရှိရင် ဘယ်သူတက်မလဲဆိုတာ. အခုအချိန်မှာ ထူထောင်ဖို့ လိုနေပြီ။ ၁၀-၂၀ မွေးရင်တောင်မှ ခေါင်းဆောင် ၁ ယောက်လောက်ပဲ ရမယ်။ အခုထိတော့ မမြင်သေးဘူး။ ဒါကျနော်တို့ လုပ်ရမယ်။"

ဒေါက်တာ ခင်ဇော်ဂင်း - ဒါရိုက်တာ၊ တမ္ပဒီပ အင်စတီကျူ့

---

"အနောက်တိုင်းမှာတော့ ပရော်ဖက်ရှင်နယ် စစ်သားက သီးသန့်သွားတယ်။ နိုင်ငံရေးစစ်သား ဆိုတာ ဖိလစ်ပိုင်မှာဆို မားကို့စ်။ စစ်တပ်နဲ့ နိုင်ငံရေးက ခွဲခြားလို့မရတဲ့ ပုံစံမျိုးဖြစ်နေတယ်။ တပ်ကလည်း ဒုသမ္မတ တယောက်ထိပေးနိုင်တဲ့ အာဏာ ရှိနေတော့ အနာဂတ် ခေါင်းဆောင်နေရာရောက်ဖို့က လှေကားထစ် တထစ်ပဲကျန်တယ်။"

ဒေါက်တာ အောင်မျိုး - တပ်မတော်သားဟောင်း

---

"တပ်မတော်သားတွေက အိုင်ကျူမြင့်တဲ့ ခေါင်းဆောင်တွေချည်းပဲ။"

ဒေါက်တာ အောင်မျိုး - တပ်မတော်သားဟောင်း

"အဲလိုသာဆို ၈၈ အရေးတော်ပုံ ဖြစ်လာစရာမရှိတော့ဘူးပေ့ါဗျာ။ တောက်လျှောက် တပ်မတော်ကပဲ ဦးဆောင်ရမယ်ဆိုရင် ဒီနိုင်ငံမွဲဖို့ပဲရှိတော့တယ်။"

ဒေါက်တာ ခင်ဇော်ဂင်း - ဒါရိုက်တာ၊ တမ္ပဒီပ အင်စတီကျူ့

---

"မြန်မာနိုင်ငံရဲ့ အနာဂတ်နိုင်ငံရေးဟာ မြန်မာပြည်သူအကုန်လုံးနဲ့ ပတ်သက်တယ်။ ဇလေးလုံး အရေးတော်ပုံရဲ့ ရလဒ်အရ သွားနေရင်းနဲ့ အာဏာရှင် စနစ်ကနေ ဒီမိုကရေစီခေတ်ကို သွားနေတယ်။ အခုလက်ရှိမှာက အကူးအပြောင်းနဲ့ သွားနေတယ်။ နှစ်ပေါင်း ၆၀ လောက် နိုင်ငံရေး အသတ်ခံလိုက်ရတယ်။ အဲ့အကျိုးဆက်က နိုင်ငံရဲ့ စီးပွားရေး၊ လူမှုရေးပါ အသတ်ခံရတယ်။"

ဦးမင်းဇေယျ - နိုင်ငံရေးပါတီဖြစ်မြောက်ရေး ဗဟိုဦးဆောင်ကော်မတီ

---

"အမေရိကားမှာ ဘယ်သမ္မတတက်တက်၊ ဘယ်သွားသွား လမ်းကြောင်းမပြောင်းဘူး။ သူတို့က ပုဂ္ဂိုလ်ကို မမူတည်ဘူး မူဝါဒကိုပဲ ဦးတည်တယ်။ ပုဂ္ဂိုလ်ရေးသွားတဲ့ စနစ်ကို အင်္ဂလန်တို့ဘာတို့က ပြောင်းခဲ့တာ နှစ်ပေါင်း ထောင်ချီနေပြီ။ ကျနော်တို့ ဆီမှာ မပြောင်းလဲသေးဘူး။ principal လမ်းကြောင်းခိုင်မာနေရင် ရမယ်။"

ဒေါက်တာ ခင်ဇော်ဝင်း - ဒါရိုက်တာ၊ တမ္ဗဒီပ အင်စတီကျူ့

---